မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများအနေဖြင့်

# အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှုန်း မြှင့်တင်ရန်

အဘယ့်ကြောင့် ကြိုးစားလုပ်ဆောင်သင့်သည်နှင့်
မည်သို့လုပ်ဆောင်နိုင်သည်ကို အကျဉ်းချုပ်တင်ပြခြင်း



IDRC | CRDI
International Development Research Centre
Centre de recherches pour le développement international

Canada

EMReF
Enlightened Myanmar Research Foundation

McMaster University

၁၉၉၅ ခုနှစ်၌ တစ်ကမ္ဘာလုံးလွှတ်တော်များတွင် အမျိုးသမီးများပါဝင်နိုင်မှုမှာ ၁၀% ခန့်သာ ရှိခဲ့ပါသည်။ အဆိုပါနှစ်တွင် ကုလသမဂ္ဂအဖွဲ့က ဘေဂျင်းမြို့တွင် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံတစ်ခုကျင်းပခဲ့ရာ၊ အမျိုးသမီးများနိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်နိုင်မှုလျော့နည်းနေခြင်းမှာ ဒီမိုကရေစီရေးအတွက် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဥပမာ - လူဦးရေအားဖြင့် အမျိုးသမီးဦးရေထက်ဝက်ခန့်ရှိသော်လည်း လွှတ်တော်များတွင် ကိုယ်စားလှယ်အဖြစ် အနည်းအကျဉ်းသာ ပါဝင်နိုင်ကြပါသည်။ ထို့ပြင် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏လိုအပ်ချက်နှင့် သူတို့၏တန်ဖိုးထားမှုများကို အလေးထားဖြည့်ဆည်းပေးခြင်း၊ အမျိုးသမီးတို့၏ အတွေ့အကြုံများ၊ အသိပညာများနှင့်အမြင်များကို မူဝါဒရေးဆွဲရာတွင် ထည့်သွင်းပေါင်းစပ်ခြင်းအစရှိသည့် နည်းလမ်းများဖြင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးခြင်းအားဖြင့် စီးပွားရေးနှင့် လူသားဖွံ့ဖြိုးရေးတို့အတွက် တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။

အမျိုးသမီးများ နိုင်ငံရေးတွင်ကိုယ်စားပြုပါဝင်နိုင်မှုကို မြှင့်တင်ရန်အတွက် ၁၉၉၅ ခုနှစ် ညီလာခံမှတစ်ဆင့် ကမ္ဘာ့နိုင်ငံပေါင်းများစွာ၏ အင်အားများကို စုစည်းပေးနိုင်ခဲ့ရာ၊ ယခုအခါ တစ်ကမ္ဘာလုံးလွှတ်တော်များတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်မှုမှာ ၂၄% ရှိနေပြီဖြစ်ပါသည်။ ဤအထဲတွင် ယခုအခါ မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်လွှတ်တော်များစုစုပေါင်း၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရာခိုင်နှုန်းမှာ ၁၀% ခန့်သာ ရှိပါသည်။ အာဆီယံဒေသအတွင်းရှိနိုင်ငံများတွင် ဘရူနိုင်းနိုင်ငံမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၉%) သာရှိသဖြင့် မြန်မာနိုင်ငံထက် လျော့နည်းသည်ဟုဆိုနိုင်ပါသည်။ သို့သော် ဒေသအတွင်းရှိ အခြားနိုင်ငံများတို့၏ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံထက် ပို၍မြင့်မားကြပါသည်။ ဥပမာ - တီမောနိုင်ငံ (၃၈%)၊ ဖိလစ်ပိုင်နိုင်ငံ (၂၈%) နှင့် လာအိုနိုင်ငံ (၂၈%) တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ နည်းပါးရခြင်း အကြောင်းရင်းများစွာ ရှိပါသည်။ ၎င်းတို့ထဲတွင်

- ယဉ်ကျေးမှုဆိုင်ရာ ပုံသေကားနှင့်စံနှုန်းများ၊ အမျိုးသား (ကျား) နိုင်ငံရေးခေါင်းဆောင်တို့၏ ဦးဆောင်မှုကိုသာ အများအားဖြင့် လိုလားထောက်ခံကြခြင်း၊ အမျိုးသမီးများအနေဖြင့်လည်း လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရန် ရည်မှန်းချက်နှင့်ယုံကြည်မှု လျော့နည်းနေခြင်း၊ ဝေးလံခေါင်သီသောနယ်မြေများသို့ အမျိုးသမီးများ ခရီးသွားလာရန် ခက်ခဲခြင်းနှင့် ထိုရပ်ဝေးဒေသများသို့ ညအိပ်ညနေသွားလာရန်အဆင်မပြေခြင်း။

- ပြည်သူ့အရေးကိစ္စများကို ပါဝင်ဆောင်ရွက်လျှင် မိသားစုတာဝန်နှင့် အိမ်မှုကိစ္စတို့ကို ဟန်ချက်ညီအောင် ထိန်းညှိလုပ်ဆောင်ရာ၌ အခက်အခဲဖြစ်ခြင်း။

- လွှတ်တော်ထဲတွင် တပ်မတော်ကိုယ်စားလှယ်များရှိနေခြင်း (အရွေးကောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၃% ရှိသော်လည်း၊ တိုက်ရိုက်ခန့်ထားသော တပ်မတော်သားကိုယ်စားလှယ်များထဲတွင်မူ ၁% သာရှိသည်) အစရှိသည့် အကြောင်းရင်းများ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် လွှတ်တော်များ၌ အမျိုးသမီးများကိုယ်စားပြု ပါဝင်နိုင်မှုနည်းပါးနေရခြင်း အကြောင်းရင်းများတွင် အရေးပါသော အကြောင်းရင်းတစ်ခုမှာ နိုင်ငံရေးပါတီများ၏ လုပ်ဆောင်ချက်များနှင့်လည်း ပတ်သက်ပါသည်။ ပါတီများ၏ ဗဟိုအဆင့်နှင့် မြို့နယ်အဆင့်ရှိ အရေးပါသောနေရာများတွင် အမျိုးသားများကိုသာ နေရာပေးမှု များပြားနေခြင်းခြင်းကြောင့် နိုင်ငံရေးပါတီများတွင် အမျိုးသားကြီးစိုးမှု မြင့်မားနေပါသည်။ ဥပမာ - မြန်မာနိုင်ငံတွင်ရှိသော နိုင်ငံရေးပါတီ (၉) ခုအကြောင်း ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)က လတ်တလော လေ့လာထားရာတွင် ပါတီ (၇) ခု၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (စီအီးစီ) ထဲ၌ အမျိုးသမီးများကိုယ်စားပြုပါဝင်မှု ၂၀% ထက်နည်းနေကြောင်းနှင့် ပါတီ၏ ကော်မတီများတွင် အရေးပါသော ရာထူးနေရာ (ဥပမာ - ဥက္ကဋ္ဌ၊ တွဲဖက်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး) များတွင် အမျိုးသမီးအရေအတွက် အလွန်နည်းပါးစွာ တွေ့ရပါသည်။ မြို့နယ် ကော်မတီများတွင်လည်း အမျိုးသမီးများကိုယ်စားပြုပါဝင်မှုနှုန်း အလွန်နည်းပါးပါသည်။ အထူးသဖြင့် အရေးပါသောရာထူးနေရာများတွင် ဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအားလုံးက ရွေးချယ်ယှဉ်ပြိုင်စေသည့် အမျိုးသမီးရွေးကောက်ခံကိုယ်စားလှယ်လောင်းမှာ ၁၅% အောက်သာ ရှိပါသည်။ မြန်မာနိုင်ငံတွင်ရှိသော နိုင်ငံရေးပါတီများသည် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်မှုအနေအထားကို ပိုမိုမြှင့်တင်သင့်သည့်အကြောင်းကို အတော်အတန် သိမြင်နားလည်ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် လုပ်ဆောင်သင့်သည့်နည်းလမ်းများကို အောက်ပါအတိုင်း ထောက်ခံအကြံပြုအပ်ပါသည်။

- **ထောက်ခံအကြံပြုချက် (၁) - ပါတီဖွဲ့စည်းပုံကို ခိုင်မာအောင်တည်ဆောက်ခြင်းနှင့် စည်းမျဉ်းများ ချမှတ်ရန်။** ကျား-မ ရေးရာ တန်းတူညီမျှမှု တိုးတက်စေရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် အဓိကဦးစားပေး လုပ်ဆောင်သင့်သည်မှာ ပါတီအတွင်းအရေးပါသော ရာထူးနေရာများအတွက် လူပုဂ္ဂိုလ်များကို ရွေးချယ်ရာတွင် ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများထားရှိရန်နှင့် ပါတီအဖွဲ့ဝင်များအားလုံးကို အဆိုပါစည်းမျဉ်းများအတိုင်း ရှင်းရှင်းလင်းလင်း ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းများ ရှင်းရှင်းလင်းလင်းရှိနေခြင်းသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေခြင်းကို တွန်းအားပေးနိုင်ပြီး၊ အရွေးကောက်ခံကိုယ်စားလှယ်အဖြစ် (သို့မဟုတ်) (ပါတီအတွင်း) အရွေးကောက်ခံနိုင်သည့်ရာထူးနေရာများအတွက် အလားအလာရှိသည့်ပုဂ္ဂိုလ်များကိုလည်း သူတို့ကိုယ်သူတို့ အဆိုပြုနိုင်အောင် ပိုမိုအားပေးပါသည်။ အရည်အချင်းနှင့် လုပ်ငန်းတာဝန် ကျွမ်းကျင်မှုဆိုင်ရာကို ကြည့်ရှုစစ်ဆေးပြီး ရွေးချယ်နိုင်စေရန်အတွက် ပါတီ၏တာဝန်ရှိသူများကိုလည်း သင်တန်းများပေးသင့်ပါသည်။

- **ထောက်ခံ အကြံပြုချက် (၂) - အောက်ခြေ-အထက် ပုံစံဖြင့် ရွေးကောက်ခံကိုယ်စားလှယ်များကို ရွေးချယ်နိုင်မှုအား ကျယ်ပြန့်စုံလင်အောင် လုပ်ဆောင်ရန်။** ပါတီများအနေဖြင့်

လွှတ်တော်ကိုယ်စားလောင်းများရွေးချယ်ရာတွင် မိသားစုနှင့် နီးစပ်ရာရပ်ရွာများမှတစ်ဆင့် ရွေးချယ်သည့် နည်းလမ်းတကျမဟုတ်သောကွန်ရက်များကို အားထားနေခြင်းကနေ ကင်းလွတ်ရန်လိုအပ်ပြီး ၎င်းအစား လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အဆိုပြုခြင်း၊ ရွေးချယ်ခြင်းနှင့် ခန့်အပ်ခြင်းဆိုင်ရာကိစ္စများကို ပုံစံတကျ ဆောင်ရွက်သင့်ပါသည်။ ထိုဖြစ်စဉ်သည် အောက်ခြေမှအထက်ကို အဆင့်ဆင့်တက်သွားသည့်ပုံစံ ဖြစ်သင့်သည်။ ဥပမာ- ရပ်ကွက်/ကျေးရွာအဆင့် ပါတီအဖွဲ့အစည်းများနှင့်အတူ မြို့နယ်အဆင့် ပါတီအဖွဲ့က အတူပူးပေါင်း ဦးဆောင်သည့်နည်းလမ်းဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် ပွင့်လင်းမြင်သာပြီး၊ ဒီမိုကရေစီနည်းကျဖြစ်ရန်နှင့် ရှင်းလင်းသော စည်းမျဉ်းများအတိုင်း လိုက်နာရန် လိုအပ်ပါသည်။

- **ထောက်ခံအကြံပြုချက် (၃) -** **အမျိုးသမီးအရေအတွက် သတ်မှတ်ချက် (သို့မဟုတ်) ဝေပုံကျအချိုး သတ်မှတ်ရန်။** ၁) ပါတီအတွင်းရှိ အဓိကကော်မတီအဖွဲ့များ (ဥပမာ - ဗဟိုအလုပ်အမှုဆောင်ကော်မတီ (စီအီးစီ)၊ ဗဟိုကော်မတီ၊ မြို့နယ်အလုပ်အမှုဆောင်ကော်မတီ) နှင့် ၂) လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာတို့တွင် အမျိုးသမီးများကိုယ်စားပြုပါဝင်နိုင်မည့် အနိမ့်ဆုံးအရေအတွက် သတ်မှတ်ချက်/ဝေပုံကျအချိုးကို ပါတီများအနေဖြင့် သတ်မှတ်ထားသင့်ပါသည်။ အနိမ့်ဆုံးအရေအတွက်ကို အများအားဖြင့် ၃၀% ဟူ၍ သတ်မှတ်လေ့ရှိကြသည်။ ဥပမာ - ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ရန် အမျိုးသမီးအရွေးကောက်ခံ ကိုယ်စားလှယ်လောင်း ဦးရေ ၃၀% ထားရှိသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့ပါသည်။

- **ထောက်ခံအကြံပြုချက် (၄) -** **အမျိုးသမီး အရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများကို ဘဏ္ဍာရေးပံ့ပိုးမှုပေးရန်။** ခင်ပွန်းသည်အပေါ် ငွေရေးကြေးရေးအရ မှီခိုမှုရှိနေရခြင်းမှာ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အဟန့်အတားဖြစ်စေသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများ ငွေရေးကြေးရေး အမှီအခိုပြုရမှုကို လျော့နည်းစေပြီး အရွေးကောက်ခံ ကိုယ်စားလှယ်လောင်းအဖြစ် မိမိကိုယ်မိမိ အဆိုပြုလာနိုင်စေရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် အသေးစားထောက်ပံ့မှုများ ပံ့ပိုးကူညီပေးနိုင်ပါသည်။ မြန်မာနိုင်ငံတွင်ရှိသော နိုင်ငံရေးပါတီများမှာ ဘဏ္ဍာရေးအင်အားတွင် အခက်အခဲရှိကြပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတကာအလှူရှင်များအနေဖြင့်လည်း အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုတိုးတက်လာစေရန် ပါတီရန်ပုံငွေကို ပံ့ပိုးပေးခြင်းကဲ့သို့သော နည်းလမ်းကို စဉ်းစားသင့်ပါသည်။

- **ထောက်ခံအကြံပြုချက် (၅) -** **ရပ်ဝေးနယ်မြေများသို့ မဲဆွယ်စည်းရုံးရေးဆင်းသည့်အခါများတွင် အမျိုးသမီးများအတွက် လုံခြုံရေးတိုးမြှင့်ရေးနှင့် အနီးကပ်ပံ့ပိုးကူညီပေးမည့်သူ ထားရှိပေးရန်။** နိုင်ငံရေးတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန်နှင့် မဲဆွယ်စည်းရုံးရေးပြုလုပ်ရခြင်းတို့မှာ အချိန်များစွာ ပေးဆပ်ရသည့်အပြင် အန္တရာယ်လည်း ရှိနိုင်သည့်အတွက် ခက်ခဲသည့်အခြေအနေဖြစ်ပါသည်။ အရွေးကောက်ခံကိုယ်စားလှယ်လောင်းများ ထိပါးနှောက်ယှက်ခံရမှုမှာလည်း ပြဿနာတစ်ရပ် ဖြစ်ပါသည်။ အမျိုးသမီးများ ညအိပ်ညနေခရီးသွားလာခြင်းကို မသင့်လျော်ဟု ထုံးတမ်းစဉ်လာစံနှုန်းအရ ရှုမြင်ကြသဖြင့် ၎င်းမှာ အရံအတားသဖွယ် ဖြစ်နေရပါသည်။ အတိတ်တွင်ကြုံခဲ့ရသော ခက်ခဲကြမ်းတမ်းမှုများအရ အရွေးကောက်ခံကိုယ်စားလှယ်များ၊ အထူးသဖြင့် အမျိုးသမီးများအတွက် လုံခြုံရေးတိုးမြှင့်ပေးခြင်းနှင့် စံနှုန်းသတ်မှတ်ချက်အသစ်များ ချမှတ်ပေးခြင်းတို့ ရှိသင့်ပါသည်။ အရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများ၊ အထူးသဖြင့် အမျိုးသမီးများအတွက် လုံခြုံရေးပြဿနာကို ဖြေရှင်းပေးနိုင်ရန် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေး ခရီးထွက်ရာတွင် အနီးကပ်ပံ့ပိုးကူညီပေးမည့် လူပုဂ္ဂိုလ်တစ်ဦးကို ပူးတွဲပေးထားမည့် သတ်မှတ်ချက်အသစ် ထားရှိသင့်ပါသည်။

- **ထောက်ခံအကြံပြုချက် (၆)။** **အလားအလာရှိသော အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် လွှတ်တော်နှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ အရည်အချင်းများ တိုးတက်လာစေရန်အတွက် သင်တန်းများပေးရန်။** အလားအလာရှိသော အရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို ပို့ချပေးနေသည့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပုံမှန်သင်တန်းများမှာ မြန်မာနိုင်ငံတွင် အမျိုးသမီးအရွေးကောက်ခံကိုယ်စားလှယ်နှင့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ တိုးပွားလာရေးအတွက် များစွာထိရောက်မှု မရှိပါ။ ၎င်းအစား အလားအလာရှိသော အမျိုးသမီးအရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို မဲဆွယ်စည်းရုံးရေးဆိုင်ရာ အရည်အချင်းများ (ဥပမာ - သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင်ရှိသော မဲပေးသူ ပြည်သူတို့၏ ဦးစားပေးလိုအပ်ချက်များကို နားလည်သဘောပေါက်ခြင်း၊ မဲဆွယ်စည်းရုံးရေးတွင် အဓိကမီးမောင်းထိုးပြမည့် သတင်းစကားများကို လိုက်လျောညီထွေစွာ ပြောကြားတတ်ခြင်း၊ မဲဆွယ်စည်းရုံးရေးတွင် သွား၊ လာ စီမံမှုကိစ္စများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခြင်း၊ အဓိကကျသော မူဝါဒရေးရာကိစ္စများအတွက် အသိအမြင်ကြွယ်ဝနေခြင်းနှင့် မဲပေးသူပြည်သူထံမှ မဲပြားရအောင် မည်သို့ဆွဲဆောင်ရမည်ဆိုသော နည်းလမ်းများ) ကို လေ့ကျင့်တိုးမြှင့်ပေးသင့်ပါသည်။ ထို့အတူ အမျိုးသမီးများအနေဖြင့်လည်း ရသုံးမှန်းခြေငွေစာရင်းများကို ခွဲခြမ်းစိတ်ဖြာ နားလည်ခြင်း (သို့မဟုတ်) မူဝါဒရေးရာနှင့်ဥပဒေများကို သိမြင်နှံ့စပ်ခြင်းကဲ့သို့သော လွှတ်တော်ရေးရာကျွမ်းကျင်မှုနှင့် သဘောပေါက်နားလည်မှုတို့ကို ပြသနိုင်လျှင် ၎င်းတို့၏ မိမိကိုယ်မိမိယုံကြည်မှုနှင့် အခြားသောလုပ်ဖော်ကိုင်ဖက်များနှင့် မဲပေးပြည်သူတို့၏လေးစားမှုတို့လည်း တိုးပွားလာမည်ဖြစ်ပါသည်။

- **ထောက်ခံအကြံပြုချက် (၇) -** **အရွေးကောက်ခံကိုယ်စားလှယ်များ အွန်လိုင်းတွင်ဆောင်ရွက်နိုင်သော ကိစ္စများအတွက် အလေ့အထကောင်းနှင့် ကျွမ်းကျင်မှုများကို တည်ဆောက်ပေးရန်။** အရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် ထိပါး

နှောက်ယှက်မှုများကို ကြုံတွေ့ကြရသည်ဖြစ်ရာ၊ အမျိုးသမီးများမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အသရေဖျက်ခြင်း၊ ၎င်းတို့၏မိသားစုဝင်များနှင့် ၎င်းတို့၏ပုဂ္ဂိုလ်ရေးဘဝများကို ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခြင်းများ လူမှုကွန်ရက်များတွင် ပိုမိုကြုံတွေ့ဖွယ်ရာရှိပါသည်။ ထို့ကြောင့် လူနည်းစု တိုင်းရင်းသား၊ လူနည်းစုဘာသာရေးနှင့် အမျိုးသမီး အရွေးကောက်ခံကိုယ်စားလှယ်များအတွက် ၎င်းတို့၏ပရော်ဖက်ရှင်နယ်ပုံရိပ်ကို အွန်လိုင်းတွင် မည်သို့မြှင့်တင်မည်၊ သတင်းအမှားများနှင့် မဲဆွယ်စည်းရုံးရေးကာလတွင် ကြုံတွေ့ရသည့်အွန်လိုင်းပေါ်က ထိပါးနှောက်ယှက်မှုနှင့် အမုန်းစကားများကို မည်သို့တုန့်ပြန်သင့်သည်ဆိုသော နည်းနာကောင်းများကို ပျိုးထောင်ရန်အတွက် သင်တန်းများပေးရန် နိုင်ငံရေးပါတီများက ထည့်သွင်းစဉ်းစားသင့်ပါသည်။

- ထောက်ခံအကြံပြုချက် (၈) - **အနိုင်ရဖွယ်ရှိသည့် မဲဆန္ဒနယ်များအတွက် ပါတီ၏စွမ်းအားအရင်းအမြစ်များကို ဦးတည်အသုံးပြုရန်။** ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် ပါတီငယ်များမှာ ဘဏ္ဍာရေးနှင့် လူအင်အား အကန့်အသတ်များ ရှိခဲ့သည့်ကြားက မဲဆန္ဒနယ်များစွာတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံခဲ့သည့်အတွက် အနည်းငယ်သာ အောင်နိုင်မှုရှိခဲ့ခြင်း (သို့မဟုတ်) အနိုင်ရမည့် အခွင့်အလမ်းမရှိခြင်းစသည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ရပါသည်။ အကယ်၍ ပထမဦးစွာ ၎င်းတို့အနေဖြင့် အနိုင်ရဖွယ် အလားအလာများသည့် မဲဆန္ဒနယ်များကို သတ်မှတ်ပိုင်းခြားပြီး၊ ထိုမဲဆန္ဒနယ်များတွင်သာ ပါတီ၏စွမ်းအားအရင်းအမြစ်များကို အသုံးပြုခဲ့လျှင် မဲအရေအတွက် ပိုမိုရရှိနိုင်ဖွယ်ရှိပါသည်။ ထိုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပို၍ဦးစားပေးယှဉ်ပြိုင်မည့် အချို့သော မဲဆန္ဒနယ်များအတွက် အမျိုးသမီးအရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပေးသင့်ပါသည်။

မှတ်ချက် - အထက်ပါအချက်အလက်များမှာ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)က လတ်တလောထုတ်ဝေထားသည့်စာတမ်းထဲမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ၎င်းသုတေသနစာတမ်းကို မြန်မာနိုင်ငံတွင်ရှိသော နိုင်ငံရေးပါတီကြီး (၉) ခုနှင့် အချိန်ယူမေးမြန်းကာ ပြုစုထားပါသည်။ ထိုစာတမ်းကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် လေ့လာနိုင်ပါသည်။

အခမဲ့ကူးယူရန်လင့်ခ် - *https://www.emref.org/sites/emref.org/files/publication-docs/party_building_and_candidate_selection_intraparty_politics_and_promoting_gender_equality_in_myanmar_emref.pdf*